# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၃၂)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်
## (၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**[**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။**]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၂၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၆.၉၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါမယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၂) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၃) အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး ခွင့် ၁ ရက်၊

(၄) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၅) ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦး ခွင့် ၁ ရက်၊

(၆) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

**မူကြမ်း**

(၇) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၁ ရက်၊

(၉) ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦး ခွင့် ၁ ရက်၊

(၁၀) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဌေးနိုင် ခွင့် ၁ ရက်၊

(၁၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၁၃) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၁ ရက်၊

(၁၄) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၁ ရက်၊

(၁၅) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၈ ရက်၊

(၁၆) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၁၇) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၁ ရက်၊

(၁၈) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် ခွင့် ၁ ရက်၊

(၁၉) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၂၀) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်၊

(၂၁) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၂၂) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၂၃) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၁ ရက်၊

(၂၄) မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း(ခ) ဦးထွန်းသိန်း ခွင့် ၁ ရက်၊

(၂၅) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၁ ရက်၊

(၂၆) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၂၇) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊

(၂၈) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန် ခွင့် ၁ ရက်၊

(၂၉) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၁ ရက်၊

(၃၀) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၁ ရက်၊

(၃၁) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၃၂) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၃၃) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်နှင့်

**မူကြမ်း**

(၃၄) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၉၇ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့ ဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်ထပ်မံထည့်သွင်းဖွဲ့စည်းကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တွင် ဦးစစ်သံမှူး(ငြိမ်း)အား ကော်မရှင်အဖွဲ့ဝင်အဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းလိုက်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍတွင် ၊ သွယ်မှုလိုငွေ များပြားနေခြင်းအား လျော့ကျမှုရှိအောင် မည်သို့သော အစီအမံများ ချမှတ်ထားသည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဂွမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပို့ကုန်တင်ပို့မှုထက် သွင်းကုန်တင်ပို့မှုက များပြားနေသဖြင့် ကုန်သွယ်မှု လိုငွေပြမှုမှာ ယခင်ဘဏ္ဍာနှစ်များထက် ပိုမိုများပြားနိုင်ကြောင်း စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ စာရင်းများက ပြသနေကြောင်း သိရပါတယ်။ ယခုလက်ရှိ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၁၂ ရက်နေ့ထိ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂၃၃၂.၆၆ သန်းတွင် ပို့ကုန်ပမာဏ ၄၉၆၅.၇၆ သန်းဖြစ်ပြီး သွင်းကုန်ပမာဏမှာ ၇၃၆၆.၉၃၇ သန်းပါဝင်သဖြင့် ကုန်သွယ်မှု လိုငွေမှာ ဒေါ်လာ ၂၄၀၁.၂၁ သန်း၊ ဒေါ်လာ ၂.၄ ဘီလီယံခန့်ရှိကြောင်း သိရပါတယ်။ ဒီပမာဏနဲ့ ဆိုရင် ဒီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တစ်ခုလုံးဆိုရင် ပိုမိုများပြားလာနိုင်ပါတယ်။ ဒီအထဲမှာ အကြောင်း တစ်ချက်ကြောင့်ဖြစ်နိုင်ဖွယ်ရာက အမေရိကန်ဒေါ်လာနဲ့ မြန်မာကျပ်ငွေ လဲလှယ်မှုနှုန်းဟာ ယခင်က တစ်ဒေါ်လာကို ၉၅၀ ကျပ်ဖြင့် အချိန်တော်တော်ကြာတည်ငြိမ်ခဲ့ရာမှ ယခုအခါ ၁၀၈၀ အထိ ရုတ်တရက် တတ်လာတာကို တွေ့ရပါတယ်။

သို့ဖြစ်ပါ၍ ဒီကိစ္စကို အချိန်မီ မထိန်းချုပ်လို့ရှိရင် ဒီ့ထက်ပိုပြီးတော့ ပြဿနာများ ဖြစ်ပွားနိုင်တယ်လို့ယူဆပါသဖြင့် ကျွန်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိလို၍ မေးမြန်းလိုသော မေးခွန်းမှာ (၁) မည်သည့်ကဏ္ဍများက ပို့ကုန်ကဏ္ဍတွင် အဓိကအဖြစ် ပါဝင်နေပြီး မည်သည့်ကဏ္ဍများက သွင်းကုန်ကဏ္ဍတွင် အဓိကဖြစ်နေပါသနည်း (၂) ဤကဲ့သို့ ကုန်သွယ်မှုလိုငွေ များပြားနေခြင်းအား လျော့ချမှုရှိအောင် နိုင်ငံတော်က မည်ကဲ့သို့သော အစီအမံများ ချထားပါသနည်းဆိုတဲ့မေးခွန်း ဖြစ်ပါဝခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ၏ မေးခွန်းနှင့်ပတ်သက်၍ စီးပွားရေ ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာပွ ဆန်းမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ကုန်သွယ်မှုပမာဏမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၅.၂၇၃ ဘီလီယံ၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၈.၁၇ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ ၁၈.၀၄၅ ဘီလီယံနဲ့ ၂၀၁၃-၂၀၁၄ မှာ အမေရိကန်ဒေါ်လာ ၂၄.၉၆၃ ဘီလီယံအထိ တစ်နှစ်ထက်တစ်နှစ်တိုးတက်ဆောင်ရွက်နိုင်တာကို တွေ့ရှိရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ ဧပြီ ၁ ရက်နေ့မှ စက်တင်ဘာ ၁၂ ရက်နေ့အထိကို မြန်မာနိုင်ငံရဲ့ ပို့ဂ တင်ပို့မှုဟာ အမေရိကန်ဒေါ်လာ ၄.၉၆၅ ဘီလီယံနဲ့ သွင်းကုန်တင်သွင်းမှုဟာ အမေရိကန်ဒေါ်လာ ၇.၃၆၆ ဘီလီယံ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၂.၃၃၂ ဘီလီယံရှိနေပြီးတော့ သွင်းကုန်တန်ဖိုးကတော့ ပို့ကုန်တန်ဖိုးထက်ကို အမေရိကန်ဒေါ်လာ ၂.၄ ဘီလီယံခန့် ပိုမိုတင်သွင်းခဲ့တဲ့အတွက်ကြောင့်မို့လို့ လက်ရှိမှာကုန်သွယ်မှုလိုငွေဖြစ်ပေါ်နေကြောင်းကို တွေ့ရှိရပါတယ်။ ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ရခြင်းမှာ ပို့ကုန်တင်ပို့နိုင်မှုလျော့နည်းသွားခြင်း မဟုတ်ဘဲနဲ့ ယခုနှစ် ၂၀၁၄ ခုနှစ်၊ ဧပြီ ၁ ရက်နေ့မှ စက်တင်ဘာ ၁၀ ရက်နေ့အထိ ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၄.၉၆၅ ဘီလီယံဆောင်ရွက်နိုင်ခဲ့ပြီးတော့ ယခင်နှစ်ကာလတွေနဲ့ နှိုင်းယှဉ်ရင် ပို့ကုန်ပမာဏ ၇၄၀ ဒေါ်လာသန်း ပိုမိုတင်ပို့နိုင်တာကိုတွေ့ရှိရပါတယ်။ ယခုနှစ်ပို့ကုန်ကဏ္ဍမှာဆိုလို့ရှိရင် ကဏ္ဍအလိုက်အနေနဲ့ စက်မှုကုန်ချောကဏ္ဍမှာ ၂၄၃၁.၉၆၄ ဒေါ်လာသန်း၊ လယ်ယာကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁၀၄၇.၇၉၅ ဒေါ်လာသန်း၊ သတ္တုတွင်းထွက်တင်ပို့မှုကဏ္ဍမှာ ၇၅၆.၂၆၄ ဒေါ်လာသန်းနဲ့ ရေထွက်ပစ္စည်းကဏ္ဍ၊ တိရစ္ဆာန်ထွက်ပစ္စည်းကဏ္ဍ၊ သစ်တောထွက်ပစ္စည်းကဏ္ဍနဲ့ အခြားပို့ကုန်ကဏ္ဍ တို့ကနေပြီးဝေ ၇၂၉.၈၇၃ ဒေါ်လာသန်းအသီးသီးတင်ပို့နိုင်တာကို တွေ့ရှိရပါ

တယ်။ သွင်းကုန်ကဏ္ဍမှာတော့ အမေရိကန်ဒေါ် ၇၃၆၆.၉၃၇ မီလီယံအနက်မှာ ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းတွေကတော့ ၃၅၄၁ ဒေါ်လာသန်း

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာပွင်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လုပ်ငန်းသုံးကုန်ကြမ်းများကတော့ ၁၆၃၈.၃၃၀ ဒေါ်လာသန်း၊ လူသုံးကုန်ပစ္စည်းက ၁၂၅၅.၂၇၆ ဒေါ်လာသန်း အသီးသီးတင်သွင်းခဲ့တာကို တွေ့ရှိရတဲ့အတွက်ကြောင့်မို့လို့ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍနဲ့ လုပ်ငန်းသုံးကုန်ပစ္စည်းကဏ္ဍမှာ တင်သွင်းမှုတွေဟာ တော်တော်များတာကို တွေ့ရမှာဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍမှာတော့ စက်နဲ့စက်ပစ္စည်းတွေ၊ မော်တော်ယာဉ်နှင့်မော်တော်ယာဉ်အပိုပစ္စည်း များ၊ ဘိလပ်မြေ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးပစ္စည်းများ၊ တယ်လီဖုန်းနှင့်ဆက်သွယ်ရေးကိရိယာများ တင်သွင်းမှုများကြောင်းကိုတွေ့ရှိရပါတယ်။ လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းတွေမှာတော့ ရေနံထွက်ပစ္စည်းတွေအများဆုံး တင်သွင်းခဲ့ပြီးတော့ ဓာတ်မြေဩဇာ၊ ဓါတုပစ္စည်းတွေ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ ဂျုံနှင့်အခြားလုပ်ငန်းသုံး ကုန်ကြမ်းများကို အဓိကတင်သွင်းခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဧပြီလ၊ စက်တင်ဘာလ ၁၂ ရက်နေ့အထိ ပင်လယ်ရေကြောင်းမှသွင်းကုန်လိုင်စင် လျှောက်ထားမှု များမှာ အစိုးရဌာနများနှင့် MIC ကော်မရှင်ကနေပြီးတော့ ခွင့်ပြုပေးလိုက်တဲ့ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ကုမ္ပဏီကနေပြီးတော့ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတွေကို Draw Back စနစ်နဲ့သော်လည်းကောင်း၊ CMP စနစ်၊ Capital in Kind စနစ်၊ Loan in Kind စနစ်၊ Deferred Payment စနစ်တို့နဲ့ တင်သွင်းခဲ့တာကို တွေ့ ရှိရပါတယ်။ အဲ့ဒီတင်သွင်းခဲ့တဲ့ ပမာဏကတော့ အမေရိကန်ဒေါ်လာ ၁၈၄၆.၄၅၆ သန်းဖြစ်ပါတယ်။ ဆိုလိုတာကတော့ ဒီအမေရိကန်ဒေါ်လာ ၁၈၄၆.၄၅၆ ဒေါ်လာသန်း ပမာဏသည် ကိုယ့်နိုင်ငံကနေပြီးတော့ ငွေသားစီးထွက်သွားပြီးတော့ တင်သွင်းခဲ့တာမဟုတ်ဘဲနဲ့ ခုနက တင်သွင်းမှုစနစ်သည် ငွေမထွက်ဘဲနဲ့တင်သွင်းမှုစနစ်အနေနဲ့လာပြီး ရင်းနှီးမြှုပ်နှံတဲ့ကိစ္စရှိတာ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒါကျွန်တော်တို့ရဲ့ Trade Deficit ဒေါ်လာမီလီယံ ၂၄၀၁ သန်းမှာ ငွေသားငွေ စီးဝင်/စီးထွက်မှု မရှိတဲ့ဒေါ်လာ ၁၈၄၆ မီလီယံကို နုတ်လိုက်မယ်ဆိုလို့ရှိရင် Balance of Payment က သိပ်ပြီးတော့ ထိခိုက်မှုမရှိကြောင်းကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ Trade Deficit နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံမှာ Tourism Sector ဖွံ့ဖြိုး လာတာနှင့်အမျှ နိုင်ငံခြားသားတွေ စားသုံးတဲ့ကုန်ပစ္စည်းများကိုလည်း ကျွန်တော်တို့ သွင်းကုန်အနေနဲ့

သွင်းရတာရှိပါတယ်။ အဲဒီ သွင်းကုန်၊ စားသောက်ကုန်၊ သူတို့ရဲ့သွင်းကုန်၊ လူသုံးပစ္စည်းတွေ သွင်းကုန်တွေကတော့ ဒါကျွန်တော်တို့ရဲ့ Import Volume ထဲမှာပါသွားပါတယ်။ ဒါပေမယ့် Trade in Service, Tourism Sector ကနေရတဲ့ပိုက်ဆံက ကျွန်တော်တို့ Trade in Service ပေါ့လေ။ Export လုပ်သကဲ့သို့ ကျွန်တော်တို့ သတ်မှတ်ရပါတယ်။ အဲဒီ Tourism Sector ကရရှိတဲ့ အမေရိကန်ဒေါ်လာကတော့ ကျွန်တော်တို့ ခုတွက်ချက်တဲ့နည်းစနစ် အရ ဒီကျွန်တော်တို့ရဲ့ Export Volume ထဲမှာမပါသေးပါဘူး။ အမေရိကန်ဒေါ်လာ သန်း ၈၀၀ လောက်ရှိမယ်လို့ ကျွန်တော်တို့ သက်ဆိုင်ရာဌာနများနှင့် ခန့်မှန်းထားပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီတွက်ချက်မှုစနစ်ကို ပြောင်းပြီးတော့ ကျွန်တော်တို့ တွက်ချက်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ Trade Deficit ဖြစ်တဲ့ပမာဏက ဒီ့ထက်လျော့နည်းသွားနိုင်စရာအကြောင်းရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ ဗီယက်နမ်နိုင်ငံမှာ နှစ်စဉ် Trade Deficit ဖြစ်နေတာ နှစ်ပေါင်း ၂၀ ကျော်ပြီဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာတောင်မှ ဒီနှစ်ကျမှသူတို့ Trade Surplus စပြီးတော့ သူတို့ ပြနိုင်တာကို တွေ့ရှိရပါတယ်။ မိမိတို့နိုင်ငံမှာလည်း လက်ရှိရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ တည်ဆောက်ဆဲကာလဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဲဒီရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကနေပြီးတော့ ထုတ်လုပ်မှုစတင်ပြီးတော့ Export ပြန်ပြုလုပ်နိုင်တဲ့အချိန်ကျရင်တော့ ကျွန်တော်တို့ ဒီ Export Volume တွေပိုမိုတက်လာပြီးတော့ Trade Deficit ဖြစ်မှုကလည်း လျော့နည်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ကတော့ နိုင်ငံတော်ရဲ့ကုန်သွယ်မှုကဏ္ဍမှာ ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက်ကို အမျိုးသားအဆင့်ပို့ကုန်မဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် National Export Strategy ကို ဦးစားပေးကဏ္ဍတွေဖြစ်တဲ့ ကုန်စည်ငါးမျိုး ဆန်၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ရေထွက်ကုန်ပစ္စည်း၊ အထည်အလိပ်နဲ့ ချုပ်ပြီးအထည်၊ သစ်နှင့် သစ်တောထွက်ပစ္စည်းတွေကို ဦးစားပေး ရွေးချယ်ထားပြီးတော့ အလားတူဝန်ဆောင်မှုမှာလည်း ဦးစားပေးကဏ္ဍ၊ ဖွံ့ဖြိုးရန် အလားအလာရှိတဲ့ကဏ္ဍ၊ ဦးစားပေးကဏ္ဍတွေကို အထောက်အကူပြုဝန်ဆောင်မှုကဏ္ဍဆိုပြီးတော့ ၃ ရေးဆွဲပြီးတော့ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ မဟာဗျူဟာ ဦးတည်ချက်များကို ချမှတ်ပြီးတော့ ငါးနှစ်စီမံကိန်းနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းအ ပို့ကုန်ကဏ္ဍတိုးတက်ရေးအတွက်ကို လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ခွင့်ပြုခြင်း၊ ယခင် ကန့်သတ်

ကုန်ပစ္စည်းများအား အဆင့်ဆင့်ဖြေလျှော့ခွင့်ပြုခြင်းများ ခွင့်ပြုပေးလျက်ရှိပါတယ်။ ပို့ကုန်ကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးရေးကော်မတီနဲ့ ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးရေးကော်မတီနဲ့ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ကို ဖွဲ့စည်းပြီးတော့ ကုန်သွယ်မှုတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းခြင်း၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အားပေးကူညီဆောင်ရွက်ခြင်း၊ Value Added တန်ဖိုးမြင့်ထုတ်ကုန်များကို တင်ပို့နိုင်ရေးအတွက် SME လုပ်ငန်းများအား အထူးအားပေး ဆောင်ရွက်ခြင်း၊ GSP ကဲ့သို့ ပို့ကုန်ဆိုင်ရာအခွန်သက်သာခွင့်ရရှိရေးအတွက်ကို ဆောင်ရွက်ခြင်း၊ နိုင်ငံတကာ ဈေးကွက်တိုးတက်ရရှိရေးတို့အတွက် ချိတ်ဆက်ဆောင်ရွက်ခြင်းနဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ဆန်၊ ပြောင်း တို့ကို လက်ရှိဈေးကွက်ရရှိနေတဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တရားဝင်တင်ပို့ပြီးတော့ ပိုမိုတင်ပို့ ရောင်းချနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခြင်းနဲ့ ဈေးကွက်သစ်များ ရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်ခြင်း၊ ပို့ကုန်အမယ်သစ်များ တင်ပို့ရောင်းချနိုင်ရန်အတွက် ဆောင်ရွက်ခြင်းနဲ့ လက်ရှိပို့ကုန် တွေကို ပမာဏပိုမိုထွက်ရှိအောင် ဆောင်ရွက်ခြင်းတို့ဖြင့် ကျွန်တော်တို့ ပို့ကုန်တွေကို တိုးတက်များပြား အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံခြားနှင့် ပြည်တွ လုပ်ငန်းရှင်များရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဆောင်ရွက်နေခြင်းဖြစ်တဲ့အတွက်ကြောင့်မို့လို့ သွင်းကုန်ရင်းနှီးမြှုပ်နှံမှု ပစ္စည်းများ ပိုမိုတင်သွင်းမှုရှိပြီးတော့ သွင်းကုန်တန်ဖိုးပိုမိုရခြင်းဖြစ်သော် လည်း ၎င်းလုပ်ငန်းများမှ ကုန်ချောပစ္စည်းများ ပြန်လည်ထုတ်လုပ်ပြီး တင်ပို့နိုင်သောအချိန်ရောက်တဲ့ အခါမှာ ကုန်သွယ်မှုဝင်ငွေ ဖြစ်ပေါ်ရတဲ့အခြေအနေ လျော့နည်းသွားမည်ဖြစ်ကြောင်း ရှင်းလ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ထပ်ဆင့်မေးခွန်းမေးပါလိမ့်မယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အခုဒီနေ့မှာ ဖြစ်ပေါ်နေတဲ့ ဒေါ်လာငွေရုတ်တရက် ထိုးတက် သွားတာတွေကလည်း ကုန်သွယ်မှုလိုငွေတွေနဲ့ဆက်စပ်နေတယ်လို့ ကျွန်တော်ထင်တဲ့အတွက်ကြောင့် အဲ့ဒါကိုလည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီကိစ္စဟာ ဘယ်လိုများဆက်လက်ဖြစ်ပွားနိုင်လဲဆိုတာကို ဒုတိယ ဝန်ကြီးအနေနဲ့ ဖြေနိုင်ရင်ဖြေပေးဖို့ ကျွန်တော်တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ဖြေကြားနိုင်က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်တော်ကြီးတင်ပြသလို ယနေ့ရက်ပိုင်းမှာ ဒီမြန်မာငွေနဲ့ အမေရိကန်ဒေါ်လာလဲလှယ်မှု နှုန်းတွေ တစ်ဟုန်တိုးမြင့်တက်သွားပြီးတော့ မြန်မာငွေတန်ဖိုးကျတဲ့အပိုင်းကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီအပိုင်းကိုလေ့လာတယ်ဆိုလို့ရှိရင် မြန်မာနိုင်ငံသာမကဘဲနဲ့ အိမ်နီးချင်းနိုင်ငံတွေ ဖြစ်တဲ့ ထိုင်းနိုင်ငံ၊ နောက်တစ်ခါကျွန်တော်တို့ ဂျပန်နိုင်ငံ၊ ကိုးရီးယားနိုင်ငံ စတဲ့နိုင်ငံများရဲ့ သူတို့ရဲ့ ငွေကြေးတွေကလည်း အမေရိကန်ဒေါ်လာနဲ့ယှဉ်ရင် Depreciate တန်ဖိုးလျော့နည်းတဲ့ အပိုင်းကို တွေ့ရှိရပါတယ်။ အဓိကကတော့ ဒီကမ္ဘာပေါ်မှာ ဒီအမေရိကန်ဒေါ်လာဟာ တန်ဖိုးတက်တဲ့ အချိန်နဲ့ သွားပြီး တိုက်ဆိုင်တာ တစ်ခုရှိပါတယ်။ ကျွန်တော်တို့ ဒီ Trade Deficit ဖြစ်လို့ ဒီဒေါ်လာဈေးတက် တယ်လို့ ၁၀၀ ရာခိုင်နှုန်းပြောလို့မရပေမယ့် ရာခိုင်နှုန်းတချို့ကတော့ ပါဝင်ပတ်သက် နေတာတော့ မှန်ပါတယ်။ ဒါပေမယ့် ရာခိုင်နှုန်းအနည်းငယ်မျှသာ ပါဝင်ပတ်သက်ပြီးတော့ ဒီ့ပြင် အကြောင်းချင်းရာ များကလည်း ခုနက မြန်မာငွေတန်ဖိုးကျပြီးတော့ အမေရိကန်ဒေါ်လာ တ န်ဖိုးတက်တဲ့ကဏ္ဍမှာ အဓိ လွှမ်းမိုးတယ်ဆိုတာ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်ခင်ဗျား။

**e-Government Master Plan ရေးဆွဲပြီးစီးမှုအခြေအနေနှင့် e-Government လုပ်ငန်းများ မည်ကဲ့သို့ အကောင်အထည်ဖော်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးသိန်းဆွေ၊ အမ်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းလိုသည့်အချက်ကတော့ ဂ န်တော် e-Government နှင့်ဆိုင်တဲ့ မေးခွန်းဖြစ်ပါ တယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ e-Government လုပ်ငန်းများကို ပီပီပြင်ပြင်လုပ်ဆောင်နိုင်မယ်ဆိုရင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သေ အုပ်ချုပ်ရေးဖြစ်ပေါ်လာရေးအတွက် များစွာအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ဝန်ထမ်းများရဲ့ ဆောင်ရွက်ချက်များမှာလည်း ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုအပိုင်းမှာ ပိုမိုပီပြင်လာမှာ ဖြစ်ပြီးတော့မှ မသမာမှုနှင့် မလိုလားအပ်တဲ့ နှောင့်နှေးကြန့်ကြာမှုများကိုလည်းပဲ လျော့နည်းသွားစေ မှာ ဖြစ်ပါတယ်။ အစိုးရအဖွဲ့ ဌာနအသီးသီးက e-Government ဆိုင်ရာပစ္စည်းများ ဝယ်ယူတပ်ဆင်မှု၊ လေ့ကျင့်ပညာပေးမှု၊ လက်တွေ့အသုံးပြုမှု၊ ဝန်ဆောင်မှုပေးနိုင်မှုများကို ကျွန်တော် လေ့လာတဲ့အခါမှာ ဌာနတစ်ခုနဲ့တစ်ခု ကွဲပြားခြားနားနေကြောင်း တွေ့ရှိရပါတယ်။ သက်ဆိုင်တဲ့ဌာနအားလုံး အရ အချင်းတူညီစွာ တစ်ပြေးညီအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာသာလျှင် လုပ်ငန်းများ ထိရောက် အောင်မြင်မှာ ဖြစ်ပါတယ်။ e-Government လုပ်ငန်းဟာ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံချက်နဲ့ စဉ်ဆက်မပြတ်ဆောင်ရွက်ရမယ့်လုပ်ငန်းများလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် မေးမြန်း

ချင်တဲ့မေးခွန်းကတော့ ADB အကူအညီနဲ့ ဆောင်ရွက်လျက်ရှိတဲ့ e-Government Master Plan ရေးဆွဲပြီးစီးမှုအခြေအနေနဲ့ ရေးဆွဲ၍ မပြီးစီးသေးဘူးဆိုရင်လည်းပဲ မည်သည့်အချိန်မှာ ပြီးစီးနိုင်ပါမည်လဲ။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစပြီးတော့မှ ယနေ့အချိန်အထိ ပြည်ထောင်စုအစိုးရအဖွဲ့ အဖွဲ့အစည်းများက e-Government လုပ်ငန်းအတွက် ပစ္စည်းဝယ်ယူခဲ့၊ အသုံးပြုခဲ့တဲ့ ငွေကြေးမည်မျှရှိပြီးတော့မှ e-Government Master Plan အတိုင်း ပြည့်ဝစွာဆောင်ရွက်နိုင်မယ်ဆိုရင် ငွေကြေးစုစုပေါင်း မည်မျှကုန်ကျမယ်လို့ ခန့်မှန်းထားပါသလဲ။ လ ၂၀ အတွင်း e-Government လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်သွားဖို့ နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားတာဖြစ်တဲ့အတွက် အဆိုပါလမ်းညွှန်ချက်အပေါ် မည်ကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ရခိုင်၊ နယ်၊ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တေကိုယ်စားလှယ် ဦးသိန်းဆွေရဲ့ e-Government နှင့်စပ်လျဉ်းတဲ့ မေးခွန်းသုံးပိုင်းကို ကျွန်တော်ဦးသောင်းတင် ဒုတိယဝန်ကြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာဖြေကြားသွားပါမယ်ခင်ဗျာ။ ပထမတစ်ပိုင်းမှာ e-Government Master Plan ရေးဆွဲပြီးစီးမှုနှင့်ပြီးစီးမည့်အချိန်ဖြစ်ပါတယ်ခင်ဗျာ။ e-Government Master Plan ရေးဆွဲဖို့အတွက် Asia Development Bank (ADB) ရဲ့ အထောက်အပံ့နဲ့ ၂၀၁၄ ခုနှစ် မတ်လမှစပြီးတော့ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျာ။ ADB ရဲ့အစီအစဉ်နဲ့ အိန္ဒိယနိုင်ငံ Infosys မှ ပညာရှင်များ မြန်မာနိုင်ငံကိုလာရောက်ပြီးတော့ ဝန်ကြီးဌာနများနှင့် တွေ့ဆုံပြီး Inception Workshop e-Government လုပ်ငန်းစဉ်တွေနဲ့ပတ်သက်လို့ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျာ။ စီမံကိန်းကာလက တစ်နှစ်ဖြစ်ပြီးတော့ ၂၀၁၅ ခုနှစ် မတ်လမှာ ရေးး ပြီးစီးနိုင်ဖို့ဖြစ်ပါတယ်ခင်ဗျာ။ လက်ရှိနိုဝင်ဘာလအတွင်းမှာ ကျွန်တော်တို့ e-Government Master Plan Interim Report ကို တင်ပြပြီးဖြစ်ပါတယ်။ ကြားဖြတ်အစီရင်ခံစာ(မူကြမ်း)ကို ပြည်သူ့လွှတ်တော် ပို့ဆောင်ဆက်သွယ်ရေးကော်မတီသို့ ပေးပို့ထားပြီးဖြစ်ပါတယ်ခင်ဗျာ။

**မူကြမ်း**

မေးခွန်းရဲ့ ဒုတိယတစ်ပိုင်းဖြစ်တဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေ ယခုအထိ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းများက e-Government လုပ်ငန်းအတွက် အသုံးပြုခဲ့တဲ့ငွေကြေးနဲ့ e-Government Master Plan တစ်ခုလုံးအတွက် ကုန်ကျမည့်စရိတ်များဖြစ်ပါတယ်ခင်ဗျာ။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေ ယ အချိန်အထိ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ စုစုပေါင်း ၆၅ ခုကနေပြီးတော့ e-Government လုပ်ငန်းများဆောင်ရွက်ရန်အတွက် ပစ္စည်းများ ဝယ်ယူခဲ့၊ အသုံးပြုခဲ့တဲ့ငွေကြေး စုစုပေါ သန်းပေါင်း ၁၆၀၄၃ သန်း ရှိပါတယ်ခင်ဗျား။ ဝန်ကြီးဌာနတစ်ခုချင်းရဲ့ သုံးစွဲခဲ့တဲ့ အသေးစိတ်စာရင်းကို ကျွန်တော်တို့ ပူးတွဲတင်ပြထားပြီးဖြစ်ပါတယ်ခင်ဗျ။ လက်ရှိ e-Government Master Plan ရေးဆွဲနေစဉ်အတွင်းမှာ အစိုးအရအဖွဲ့အစည်း ဝန်ကြီးဌာနများအနေနဲ့ မရှိမဖြစ်လိုအပ်တဲ့ ICT အခြေခံအဆောက်အအုံဖြစ်တဲ့ ရုံးတွင်း Network တည်ဆောက်ခြင်း၊ Video Conferencing စနစ်တပ်ဆင်ခြင်း၊ Web Site နှင့် Server တပ်ဆင်ခြင်း၊ Internet ချိတ်ဆက်ခြင်းနှင့် Government To Government Application တွေကို ကြိုတင်ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျာ။ Master Plan ရေးဆွဲပြီးလို့ရှိရင်တော့ နှစ်တို၊ နှစ်လတ်၊ နှစ်ရှည် အချိန်ကာလအပိုင်းအခြားအလိုက် အဆ ့ အကောင်အထည်ဖော်ဆောင်ရွက်မယ့် Action Plan တွေ ရရှိလာမှာဖြစ်ပါတယ်။ ဒီ Action Plan တွေ ရရှိလာပြီးတဲ့အခါပေါ်မှာမှ ကျွန်တော် စီမံကိန်းပမာဏနှင့် ခန့်မှန်းကုန်ကျစရိတ်တွေက တွက်ချက်သွားနိုင်မှာ ဖြစ်ပါ တယ်။ Master Plan ရေးဆွဲအကောင်အထည်ဖော်ရင်းနဲ့ တစ်ပြိုင်တည်း တိုးတက်မှုအခြေအနေ အရပ်ရပ်ကို ကျွန်တော်တို့ အခါအားလျော်စွာ ပို့ဆောင်ဆက်သွယ်ေ ကော်မတီကတစ်ဆင့် လွှတ်တော်ကို တင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျ။

မေးခွန်းရဲ့ တတိယတစ်ပိုင်းဖြစ်တဲ့ e-Government လ ၂၀ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိစ္စကို ဆက်လက်ဖြေကြားပါ့မယ်ခင်ဗျ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှာကြားချက်နှင့်အညီ e-Government လ ၂၀ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလနည်းပညာဝန်ကြီးဌာနက Focal Ministry အဖြစ် စတင်ဆောင်ရွက်ပြီးတော့ အခြေခံအကျ လိုအပ်ချက်ဖြစ်တဲ့ Infrastructure တွေ၊ Micro Waves၊

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီး ဌာန)**။ ။ ဖိုက်ဘာ ဆက်သွယ်ခြင်းနှင့် အင်တာနက်ချိတ်ဆက်ခြင်းတွေကို ဝန်ကြီးဌာနအားလုံး အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်ခင်ဗျား။ ထို့အပြင် ဝန်ကြီးဌာနတစ်ခုချင်းအတွက် လိုအပ်တဲ့ Technology နဲ့ Implementation Strategies တွေအတွက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ စင်ကာပူနိုင်ငံ Infocomm Development Authority နဲ့ World Bank တို့မှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျ။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်နှင့် ဩဂုတ်လတွေမှာ ဆက်သွယ်ရေးနှင့် သတင်းအချက်နည်းပညာဝန်ကြီးဌာနအတွင်းမှာပဲ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နှင့်ပူးပေါင်းပြီးတော့ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ဗဟိုရုံးများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများကို ဖိတ်ကြား ပြီးတော့ e-Government လ ၂၀ အစီအမံ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲ တွေကို ငါးကြိမ်တိုင်တိုင် ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်ခ၊ e-Government လုပ်ငန်းစဉ်များကို ဦးဆောင် အကောင်အထည်ဖော်ဆောင်ရွက်ရမယ့်အဖွဲ့အစည်းတစ်ခု (Leading Agency) တစ်ခု ရွေးချယ်သတ်မှတ်ပြီးတော့ သက်ဆိုင်တဲ့ဝန်ကြီးဌာနတွေ ပူးပေါင်းဆောင်ရွက်လျက် အမျိုးသားအဆင့် အနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ဖို့အတွက် ကျွန်တော်တို့ ဦးတည်ချက်ထားပြီးတော့ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်းတင်သွင်းနိုင်ကြော( လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအ( ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်းကို ၁၉-၁၁-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများ

အနေနဲ့ ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၆-၁၁-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့)နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်ထဲရေးဝန်ကြီးဌာနက ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထဲရေးဝန်ကြီးဌာနက ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနကို တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်မှ တင်သွင်းသွားမှာဖြစ်ပါတယ်။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းအသုံးပြုမည့် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုခု၏အလံ၊ အထိမ်းအမှတ်နှင့် အမျိုးသားခေါင်းဆောင်တို့ရဲ့ လက္ခဏာရပ်များအား စည်းကမ်းတကျအသုံးပြုနိုင်ရေးအတွက်ကို ဂုဏ်ကျက်သရေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ရန် ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ဖြစ်ပါတယ်။ အဆိုပါအက်ဥပဒေ တွင် ရေးသားပြဋ္ဌာန်းထားသည့် စကားရပ်အချို့နှင့် ပြစ်ဒဏ်သတ်မှတ်ချက်များမှာ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုမရှိတော့တဲ့အတွက် မျက်မှောက်ခေတ်တရားစီရင်ရေးအသုံးအနှုန်းများဖြင့် ဆီလျော်အောင် ပြင်ဆင်ရေးဆွဲထားသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင် ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။

**ဒေါ်ခင်ဒွေးကြွယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ မွန်ပြည်နယ်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဒေါ်ခင်ဒွေးကြွယ်ဖြစ်ပါတယ်။ ကျွန်မမှ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိ ချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်မျ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေ (၄၇/၁၉၅၄) သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အသုံးပြုမည့် အချုပ်အခြာအာဏာ ပိုင်နိုင်ငံတစ်ခုခု၏အလံ၊ အထိမ်းအမှတ်နှင့် အမျိုးသားခေါင်းဆောင်တို့၏ လက္ခဏာရပ်များအား စည်းကမ်းတကျအသုံးပြုရေးအတွက် ဂုဏ်ကျက်သရေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ရန် ပြဋ္ဌာန်း သည့်ဥပဒေတစ်ခုဖြစ်ကြောင်း လေ့လာစိစစ်တွေ့ရှိရပါသည်။

၃။ ထို့အပြင် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက် ဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာနက အောက်ဖော်ပြပါအချက်များကြောင့် ပြင်ဆင်ခြင်းဖြစ်ကြောင်း လည်း လေ့လာတွေ့ရှိရပါသည် -

(က) ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦးက ၇-၅-၂၀၁၃ ရက်နေ့၌ ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့သည့် အဆိုပြုချက် ၉ ချက်ကို ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက် နေ့ဖြစ်သည့် ၁-၁၁-၂၀၁၃ ရက်နေ့တွင် ဆွေးနွေး၍ မူလဥပဒေ၏ ပုဒ်မ ၆ ရှိ တရားစီရင်ရေးဆိုင်ရာ အသုံးအနှုန်းများ၊ ပုဒ်မ ၇ ရှိ ပြစ်မှုပြစ်ဒဏ်များကိုသာ ပြင်ဆင်ရန် ပြည်သူ့လွှတ်တော်မှ သဘောတူထားခြင်း၊

(ခ) ၁၄-၆-၂၀၁၄ ရက်နေ့၊ ၁၄း၀၀ နာရီအချိန်၌ ပြည်သူ့လွှတ်တော် (I-2) ဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမတွင် ပြုလုပ်သောအစည်းအဝေး၌ လွှတ်တော်၏ကျန်ရှိသော သက်တမ်းကာလအတွင်း ဝန်ကြီးဌာနများအနေဖြင့် ဥပဒေများကို ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီနှင့် ညှိနှိုင်းပြင်ဆင်၍ လုပ်ထုံးလုပ်နည်းအတိုင်း ဥပဒေကြမ်းများကို တင်သွင်းစေလိုကြောင်း ပြည်ထောင်စုလွှတ်တော်နာယက လမ်းညွှန်ထားခဲ့မှုနှင့်စပ်လျဉ်း၍ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးတင်မောင်ဦးကဆွေးနွေးခဲ့သဖြင့် ၁၇-၆-၂၀၁၄ ရက်နေ့၌ ၁၄း၀၀ နာရီအချိန်တွင် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပ ပြုလုပ်သည့်အစည်းအဝေးတွင် ယခုပြင်ဆင်သည့်ဥပဒေကို ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေရေးရာအကြံပေးကော်မတီမှ တင်ပြချက်အပေါ် သဘောတူထားခြင်း၊

(ဂ) မူလအက်ဥပဒေပါ တရားစီရင်ရေးဆိုင်ရာအသုံးအနှုန်းများအား မျက်မှောက်ေ တရားစီရင်ရေးဆိုင်ရာ အသုံးအနှုန်းများနှင့် ဆီလျော်ညီညွတ်စေရန် လိုအပ်ခြင်း၊

(ဃ) မူလအက်ဥပဒေပါ ပြစ်မှုနှင့်ပြစ်ဒဏ်များအား ခေတ်ကာလနှင့်လျော်ညီစေရန် လိုအင် ခြင်း။

၄။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၁၄-၁၁-၂၀၁၄ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ခဲ့ကြရာ ယင်းဥပဒေကြမ်းတွင် အပိုဒ်(၃)ခုသာပါရှိပြီး ဥပဒေရေးထုံး၊ ရေးနည်းတို့နှင့်ညီညွတ်စေရန်လည်းကောင်း၊ မူလအ ပဒေပါ တရားစီရင်ရေးဆိုင်ရာ အသုံးအနှုန်းများ မျက်မှောက်ခေတ် တရားစီရင်ရေးအသုံးအနှုန်းများနှင့် ဆီလျော်ညီညွတ်စေရန်လည်းကောင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို ခေတ်ကာလနှင့်လျော်ညီစေရန်လည်းကောင်း ပြင်ဆင်ထားခြင်းဖြစ်သည့်အတွ

ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသေ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်၊ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ သဘော တူပါသည်။

၅။ သို့ဖြစ်ပါ၍ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ (ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရစိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းအစီရင်ခံ တင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။

**ပြည်ထဲရေးဝန်ကြီးဌာနက တင်သွင်းသည့် ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်မျ (ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြ ကို ဆွေးေ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွ နိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိ ကျကျဖော်ပြ၍ ၂၆-၁၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်**
**ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး**
**(၃၃)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တေ (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့ လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ၂၄-၁၁-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**မှုကြမ်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၁၀း၄၀ နာရီ အချိန်တွင် ရပ်နားပါသည်။]